**အန္တရာယ်ကြီးသော သန်းခေါင်စာရင်းကောက်ယူမှု**

# Myanmar Conflict Alert : A Risky Census

**12 Feb 2014**

မြန်မာနိုင်ငံ၌ ၂၀၁၄ မတ် ၃၀ မှ ဧပြီ ၁၀ အထိ ပြုလုပ်ရန် စီစဉ်ထားသော နိုင်ငံလုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူမှုသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကာလ၏ အရေးကြီးသော အခိုက်အတန့်တွင် တင်းမာမှုများ ပေါ်ပေါက်လာစေမည့် အန္တရာယ်ရှိနေသည်။ သို့ဖြစ်ရာ ပိုမိုအရေးကြီးသော အခိုက်အတန့်မျိုးတွင် မလိုအပ်ပဲ ရန်စသလိုဖြစ်နိုင်သော၊ သွေးကွဲနိုင်သော လူမျိုးစု၊ ကိုးကွယ်မှုဘာသာ၊ နိုင်သံသားအဆင့် စသောကိစ္စများကို ဆိုင်းငံ့ထားရန် နှင့် အဓိကကျသော လူဦးရေဆိုင်ရာ မေးခွန်းများကိုသာ ဦးစားပေးရန် သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းစဉ်ကို အရေးပေါ်ပြင်ဆင်သင့်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် အစိုးရ၊ ကုလသမဂ္ဂနှင့် အလှူရှင်များအနေဖြင့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်က ပေးနေသော လတ်တလောဖြစ်နိုင်ခြေ ဆိုးဆိုးဝါးဝါး အန္တရာယ်များကို ခံစားသိရှိကြောင်းနှင့် တိုင်းပြည်တွင်းမှ အရေးပါသော အဖွဲ့များစွာက ထုတ်ဖော်တင်ပြထားကြသည့် အလွန်အမင်း စနိုးစနောင့်ဖြစ်မှုများကို လက်ခံတုန့်ပြန်ရန် လိုလိုလားလားရှိကြောင်း ပြသနိုင်သည်။

တိကျသော လူဦးရေဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းသည် အမျိုးသားစီမံကိန်းရေးဆွဲမှုနှင့် ဖွံ့ဖြိုးမှုအတွက် အရေးကြီးသော်လည်း နောက်ဆုံးသန်းခေါင်စာရင်း ကောက်ယူပြီးနောက်ပိုင်း နှစ်ပေါင်း ၃၀ ကြာမှ စီစဉ်လာသည့် သန်းခေါင်စာရင်းသည် မေးခွန်းပေါင်း ၄၁ ခု ပါဝင်ကာ အလွန်ရှုတ်ထွေးပြီး အန္တရာယ်များ တင်းကြမ်းပြည့်နေသည်။ မြန်မာနိုင်ငံသည် ဒေသတွင်း ကွဲပြားစုံလင်မှုအများဆုံး တိုင်းပြည်များထဲတွင် ပါဝင်ပြီး တိုင်းရင်းသားအမျိုးအစားခွဲခြင်းကို အစိုးရက နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ချယ်လှယ်နေသည်ဟု တိုင်းရင်းသားအသိုင်းအဝိုင်းက ယုံကြည်ထားသော အခြေအနေမျိုးတွင် တိုင်းရင်းသားလူမျိုးစုကိစ္စသည် ရောထွေးသော၊ အငြင်းပွားစရာဖြစ်သော၊ နိုင်ငံရေးအရ အကဲဆတ်သော ကိစ္စရပ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် အာဏာရှင် စစ်ဖက်အုပ်ချုပ်မှုမှ ဒီမိုကရေစီအုပ်ချုပ်မှုသို့ နိုင်ငံရေးအရ အသွင်ကူးပြောင်းခြင်းကို ထိန်းကျောင်းနေရသည့်အပြင် တိုင်းပြည်နယ်နမိတ်အတွင်း ဆယ်စုနှစ်ချီ အကြိမ်ကြိမ်အခါခါ၊ အထပ်ထပ် ဖြစ်ပွားလျက်ရှိသော တိုင်းရင်းသားပဋိပက္ခများကိုလည်း အဆုံးသတ်ရန် ရုန်းကန်နေရသည်။ တစ်ချိန်တည်းတွင် လက်ရှိလပိုင်းများအတွင်း ကြောက်မက်ဖွယ်ကြီးထွားလာသော ဗမာ-ဗုဒ္ဓဘာသာ အမျိုးသားရေးအစွန်းရောက်လှုပ်ရှားမှုကြောင့် လူနည်းစုမွတ်ဆလင် အသိုင်းအဝိုင်းအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်လာသည်ကို ကြုံတွေ့နေရသည်။ အဆိုပါတင်းမာမှုများ

နောက်ထပ်တိုးပွားလာစေမည့် အန္တရာယ်ရှိသော သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် တွေးခေါ်မျှော်မြင်မှု လိုအပ်ချက် ရှိနေသည်။

သန်းခေါင်စာရင်းလုပ်ငန်းစဉ်အတွက် အသုံးပြုနေသော တိုင်းရင်းသားအမျိုးအစားခွဲသည့် စနစ်သည် များစွာ ဝေဖန်ခံနေရသော ၁၉၈၀ ခုနှစ်များက တိုင်းရင်းသား ၁၃၅ မျိုး စာရင်းဟောင်းကို အခြေခံထားပြီး အပြစ်အနာများစွာ ပါဝင်နေသည်။ အချို့ကိစ္စများတွင် ၎င်းစနစ်သည် အမျိုးအစားခွဲမှု များလွန်းသည်။ (ဥပမာ-အရွယ်အစားသေးသော ချင်းအုပ်စုတွင် ၅၃ မျိုးခွဲခြားထားရာ၊ အများစုမှာ မျိုးနွယ်ဘာသာစကားဆိုင်ရာ အချက်များနှင့်ပတ်သက်၍ ကြောင်းကျိုးဆက်စပ် ခိုင်လုံမှုမရှိသော ရွာအမည်၊ အုပ်စုအမည်များသာ ဖြစ်ကြသည်)။ အချို့နေရာများတွင်မူ သီးခြားမျိုးနွယ်လက္ခဏာ ရှိသော အုပ်စုများကို တစ်ခုတည်းဖြစ်အောင် ပေါင်းထားသည်ကို တွေ့ရသည်။ (ဥပမာ-ပလောင်၊ လားဟူ၊ အင်းသားစသော ရှမ်းပြည်နယ်မှ လူမျိုးစုအမြောက်အများကို ၎င်းတို့နှင့် မျိုးနွယ်(သို့) ဘာသာစကားဆိုင်ရာ မည်သို့မျှ မဆက်စပ်သော ရှမ်းလူမျိုး၏ မျိုးကွဲအဖြစ် သွတ်သွင်းထားသည်။) တိုင်းရင်းသား နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသား လူမျိုးစုလက်နက်ကိုင် အဖွဲ့များအပါအဝင် အဆိုပါ တိုင်းရင်းသားအုပ်စုများစွာက သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို ပြင်းပြင်းထန်ထန် ဝေဖန်ထားသော ကြေညာချက်များ ထုတ်ပြန်ခဲ့ကြရာ၊ ယင်းလုပ်ငန်းစဉ်ကို ဆိုင်းငံ့ထားရန်နှင့် တိုင်းရင်းသားအသိုင်းအဝိုင်းများနှင့် တိုင်ပင်ညှိနှိုင်းမှုကို အခြေခံ၍ အမျိုးအစားပြန်ခွဲရန် အချို့က တောင်းဆိုထားကြသည်။

တိုင်းရင်းသားအမျိုးအစားခွဲမှုသည် မျိုးနွယ်စုအထောက်အထားထက် ပိုမိုကျော်လွန်သော ဆက်စပ်မှုရှိနေပြီး၊ နိုင်ငံရေးအရ တိုက်ရိုက် အမျိုးအစားသတ်မှတ်မှုများ ရှိလာလိမ့်မည်။ အခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများက သတ်မှတ်လူဦးရေပမာဏ ပြည့်မီသော တိုင်းရင်းသားအုပ်စုများအတွက် လူမျိုးစုအရ သတ်မှတ်ပေးသော မဲဆန္ဒနယ်များကို ခွင့်ပြုထားရာ၊ ကိုယ်စားပြုရွေးချယ်ခံ ကိုယ်စားလှယ်များအနေဖြင့် ပြည်နယ်အစိုးရများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်ခြင်းခံရသည်။ တိုင်းရင်းသား မျိုးနွယ်အုပ်စုများအနေဖြင့် ၎င်းတို့မျိုးနွယ်ကို လွဲမှားသတ်မှတ်ခြင်း(သို့) အခြားမျိုးနွယ်အောက် သွတ်သွင်းခြင်းခံရပါက နိုင်ငံရေးအရ ကိုယ်စားပြုခွင့် ဆုံးရှုံးသွားမည်ကို ပူပန်နေကြသည်။ လူမျိုးရောနှောမှုကို တင်ပြရန် ဖြစ်နိုင်ခြေမရှိ၍ မျိုးနွယ်အထောက်အထား တစ်ခုတည်းသို့ အတင်းပေါင်းထည့်မှုသည် အချို့အုပ်စုငယ်များအတွက် အားနည်းချက်ဖြစ်သွားမည့် အလားအလာရှိနေသည်။

ကိုးကွယ်သည့်ဘာသာသည်လည်း နောက်ထပ် အငြင်းပွားစရာ ကိစ္စတစ်ခု တိုးလာစေသည်။ တိုင်းပြည်တွင်း ကြီးထွားလာသော ဗမာ-ဗုဒ္ဓဘာသာ အမျိုးသားရေးအစွန်းရောက်ဝါဒ (၉၆၉ လှုပ်ရှားမှုသည် နမူနာဖြစ်) သည် မြန်မာနှင့်ဗုဒ္ဓဘာသာ လူများစုကြီးအပေါ် မွတ်ဆလင်တို့က ချယ်လှယ်နေပြီဟူသော ယုံတမ်းစကား ပုံပြင်ကို ဇာတ်လမ်းထိုးလျက်ရှိသည်။ ယင်းသို့ လှုံ့ဆော်ထားသော လူမျိုးရေးမုန်းတီးမှုကို ယခု သန်းခေါင်စာရင်းကောက်ယူမှုက အဆင်ခြင်မဲ့စွာ ထောက်ခံအားပေးရာ ရောက်သွားနိုင်ပေသည်။

လောလောဆယ်တွင် မြန်မာနိုင်ငံလူဦးရေ၏ ၄ ရာခိုင်နှုန်းမှာ မွတ်ဆလင်ဟု ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ထားကြသော ကိန်းဂဏန်းမှာ ၁၉၈၃ သန်းခေါင်စာရင်းပါ အချက်အလက် ဖြစ်သည်။ သို့ရာတွင် ထိုနောက်ပိုင်း ကောက်ယူခဲ့သော ကိန်းဂဏန်းအမှန်မှာ ၁၀ ရာခိုင်နှုန်း ကျော်နေပြီဟု ခိုင်ခိုင်မာမာ ညွှန်ပြမှုများရှိနေသော်လည်း ၄ ရာခိုင်နှုန်းကိုသာ ပိုမိုလက်သင့်ခံထိုက်သော ကိန်းဂဏန်းအဖြစ် သတ်မှတ်ရန် နိုင်ငံရေးပိုင်းက ဆုံးဖြတ်ချက်ပေးထားခဲ့သည်။ သို့ဖြစ်ရာ ယခုကောက်ယူမည့် သန်းခေါင်စာရင်း ရလာဒ်များက လွန်ခဲ့သော နှစ် ၃၀ ကထက် မွတ်ဆလင်လူဦးရေ သုံးလေးဆတိုးလာသည့် အထောက်အထားကို မမျှော်လင့်ပဲ ဖော်ထုတ်မိသလို ဖြစ်သွားနိုင်ပေရာ၊ အစွန်းရောက် လှုပ်ရှားမှုများကို လက်ကမ်းခေါ်သည့် အန္တရာယ်ကြီးသော လှုံ့ဆော်မှုတစ်ခု ဖြစ်သွားနိုင်သည့် အလားအလာ ရှိသည်။

လူမျိုးအမည်၊ ကိုးကွယ်သည့်ဘာသာနှင့် နိုင်ငံသား စသောကိစ္စရပ်များသည် မကြာသေးမီက ဆိုးဆိုးဝါးဝါး အကြမ်းဖက်မှု ဖြစ်ပွားရာဒေသ ရခိုင်ပြည်နယ်တွင် အထူးသဖြင့် သိသိသာသာ ရောသမမွှေလျက်ရှိသည်။ ဗုဒ္ဓဘာသာရခိုင် အသိုင်းအဝိုင်းအများစုက ၎င်းတို့၏ မျိုးနွယ်နှင့် ကိုးကွယ်သည့်ဘာသာသည် လောလောဆယ်တွင် နိုင်ငံသားဖြစ်ခွင့်နှင့် အခြေခံလူ့အခွင့်အရေးများ ပိတ်ပင် ခံထားရသည့်ကြားမှ မြန်မြန်ဆန်ဆန် တိုးပွားနေသည်ဟု ယူဆရသော ရိုဟင်ဂျာမွတ်ဆလင်လူဦးရေနှင့် ရင်ဆိုင်တိုက်ပွဲဝင်နေရသည်ဟု ခံစား ယုံကြည်နေကြသည်။ ဝိရောဓိဖြစ်ဖွယ် အထောက်အထားတစ်ခု ဖြစ်သော်လည်း နှစ်ပေါင်းများစွာ ထပ်ဖန်တစ်လဲလဲ ပြောခဲ့ကြသော ဇာတ်လမ်းဖြစ်သည့် ရိုဟင်ဂျာတို့သည် မကြာသေးမီက ဘင်္ဂလာဒေ့ရှ်မှ တရားမဝင်ရောက်လာသူများ ဟူသော စကားကိုသာ ရခိုင်တို့က စွဲကိုင်ပြောဆိုကြသည်။ ရခိုင်ပြည်နယ်တွင် မွတ်ဆလင်လူဦးရေ၏ တရားဝင် ကိန်းဂဏန်းအမှန်ကို လူအများသိသွားချိန်တွင် ဖြစ်လာနိုင်သော တင်းမာမှုများ ရှိနေသည့်အပြင်၊ မကြာသေးမီက တရားမဝင်ရောက်လာသူများ ဟူသောဇာတ်လမ်းကို အနာဂါတ်တွင် ဆက်ပြောရန် အခက်တွေ့ဖွယ်ရှိသော ရိုဟင်ဂျာလူဦးရေ အခြေခံ ကိန်းဂဏန်းများ ယခုသန်းခေါင်စာရင်းကြောင့် ထွက်ပေါ်လာနိုင်သည်ဟု ရခိုင်နိုင်ငံရေးလှုပ်ရှားသူများ ပူပန်နေကြမည့်အချက်ကို သံသယရှိစရာမလိုပေ။ သန်းခေါင်စာရင်းကောက်ယူမှုတွင် ပါဝင် ထည့်သွင်းနိုင်ရန်အတွက် နောက်ထပ်ဘင်္ဂါလီ မွတ်ဆလင်များ ရခိုင်ပြည်နယ်သို့ စိမ့်ဝင်လာ နေသည်ဟုလည်း ရခိုင်နိုင်ငံရေးသမားများက တိုင်ကြားခဲ့ကြပြီးဖြစ်သည်။ ယင်းကဲ့သို့ စိမ့်ဝင်ရွှေ့ပြောင်းလာမှုကို တားဆီးရန်အတွက် လက်နက်ကိုင် ရခိုင်ပြည်သူ့စစ်အဖွဲ့ ဖွဲ့စည်းခွင့်ပြုရန် ရခိုင်နိုင်ငံရေးသမားများက တောင်းဆိုနေကြသည်။

မြန်မာနိုင်ငံသည် တိုင်းပြည်၏ အသွင်ပြောင်းဖြစ်စဉ်တွင် အလွန်အကဲဆတ်သော အခိုက်အတန့်သို့ ရောက်ရှိနေသည်။ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာလည်း ကွာဟချက်များကို ပေါင်းကူးစေ့စပ်ရန်နှင့် ယုံကြည်မှုတည်ဆောက်ရန် အားထုတ်ကြိုးပမ်းသည့်အနေဖြင့် အုပ်စုအားလုံး ထိတွေ့ညှိနှိုင်းကာ နနယ်သောအဆင့်သို့ ရောက်ရှိနေသည်။ ၂၀၁၅ နှစ်ကုန် ရွေးကောက်ပွဲများသည် လက်ရှိမျိုးဆက်တွင် ပထမဆုံး

သိသိသာသာ လွတ်လပ်မျှတသော မဲပေးပွဲများဖြစ်လာနိုင်ဖွယ်ရှိပြီး၊ နိုင်ငံရေးအခင်းအကျင်းကို အခြေခံကျကျ အသွင်ပြောင်းပေးပါလိမ့်မည်။ သို့ဖြစ်ရာ လာမည့် နှစ်နှစ်တာ ကာလသည် ရုတ်တရက် အပြောင်းအလဲများဖြစ်လာနိုင်သော အခြေအနေရှိသည်။ လူမျိုးရေး၊ ဘာသာရေး၊ အငြင်းပွားစရာ နယ်မြေဒေသများသို့ ကြိုတင်မျှော်မြင်မှုနည်းသော နည်းလမ်းဖြင့် အချိန်မလောက်မငှ ကောက်ခံမည့် သန်းခေါင်စာရင်းသည် ရှိရင်းစွဲအနေအထားကို ထပ်မံရှုတ်ထွေးသွားစေလိမ့်မည်။

လူဝင်မှုကြီးကြပ်ရေးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများသည် အဆိုပါ ဧရာမ လုပ်ငန်းကြီးအတွက် နည်းပညာအပိုင်း၊ စီမံမှုအပိုင်း ကြိုတင်ပြင်ဆင်မှုအားလုံးကို ပြီးခဲ့သော နှစ်နှစ်ကာလ အတွင်း မမောတမ်း အားထုတ်မှုများအတွက် ချီးကျူးခံထိုက်ပါသည်။ သို့ရာတွင် ဖြစ်နိုင်ခြေ အန္တရာယ်များနှင့်ပတ်သက်၍ နိုင်ငံရေးပိုင်း(အစိုးရ၊ ကုလသမဂ္ဂ၊ အလှူရှင်နိုင်ငံများ)က သိသိသာသာ အပူအပင်နည်းစွာဖြင့် အစီအစဉ်များကို ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံကဲ့သို့ လတ်တလော သန်းခေါင်စာရင်းကောက်ယူမှု အတွေ့အကြုံမရှိသော တိုင်းပြည်မျိုးအတွက် အခြား အသွင်ကူးပြောင်းမှု နှင့် ပဋိပက္ခဘေးဒဏ်သင့်မှု အခြေအနေများမှ နှိုင်းယှဉ်စရာ သင်ခန်းစာများက လေ့လာအပ်သော သတင်းအချက်အလက်များ ဖြစ်နိုင်ပြီး၊ အန္တရာယ်များ သိသိသာသာ လျော့ပါးသွားအောင် အထောက်အကူပြုနိုင်ပါသည်။

သို့ဖြစ်ရာ သန်းခေါင်စာရင်း ပုံစံဖြည့်စာရွက်၏ ပထမမေးခွန်းခြောက်ခုဖြစ်သော အသက်၊ ကျား/မ၊ အိမ်ထောင် ရှိ/မရှိ အစရှိသည့် လူဦးရေဆိုင်ရာ အဓိကမေးခွန်းများဖြင့်သာ သန်းခေါင်စာရင်းကို အကန့်အသတ်လုပ်ရန် လုပ်ငန်းစဉ်ကို ညှိနှိုင်းပြင်ဆင်ဖို့ အချိန်မှီပါသေးသည်။ ယင်းသို့ ကန့်သတ်လုပ်ဆောင်မှုသည် အကဲဆတ် အခြေအနေမျိုးတွင် အထောက်အထားနှင့် နိုင်ငံသားကဲ့သို့သော အငြင်းပွားစရာကိစ္စရပ်များကို မတို့မထိပဲ အရေးကြီးဆုံး အချက်အလက်များကို ထုတ်ယူပေးပါလိမ့်မည်။ လက်ရှိ တွေးခေါ်မျှော်မြင်မှု လိုအပ်ချက်ရှိသော လုပ်ငန်းစဉ်နှင့်အတူ ဖြစ်ပေါ်နေသော၊ အကဲဆတ်ပွိုင့်ရောက် အမျိုးမျိုးအဖုံဖုံ စုံလင်ကွဲပြားသည့် မြန်မာလူ့အဖွဲ့အစည်း အတွက် များစွာကြီးမားသော အန္တရာယ်မှ ရှောင်ရှားနိုင်မည်ဆိုလျှင်၊ လုပ်ငန်းစဉ် ပြန်လည် ပြင်ဆင်ရာတွင် တွေ့ကြုံရမည့် နည်းပညာရှုတ်ထွေးမှု အခက်အခဲမှာ မပြောပလောက်သော အသေးအမွှားသာ ဖြစ်ပေလိမ့်မည်။